## ၁၂။အာရှအမ်ဘရိုရှားကျိုင်း

**Asian ambrosia beetle/Island Pinhole borer:** ***Xylosandrus crassiusculus*** **(Motschulsky, 1866)**

**Coleoptera: Scolytidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ကျိုင်းကောင်အမ ခန္ဓာကိုယ်သည် (၂.၂–၂.၅) မီလီမီတာခန့်သာရှည်ပြီး ခန္ဓာကိုယ် တုတ်ခိုင်ကာ နီညိုရင့်ရောင်ရှိပြီး ချောပြောင် တောက်ပနေလေ့ရှိသည်။ ဦးခေါင်းသည် အောက်သို့စိုက်ကျနေသောကြောင့် ကျောဘက်မှကြည့်လျှင် မတွေ့မြင်နိုင်ပါ။

**ဖျက်ဆီးပုံလက္ခဏာများ**



ဖျက်ဆီးခံရသော အပင်များသည် ညှိုးနွမ်းခြင်း၊ ကိုင်းဖျားချောက်ခြင်း၊ အရွက်ဖူးများ အစိတ်စိတ်အမွှာမွှာဖြစ်ခြင်း၊ နေလောင်ကွက်များကဲ့သို့ ဖြစ်ပေါ်ခြင်း၊ သန်စွမ်းမှုနည်းခြင်း၊ များစွာသော အပေါက်ငယ်လေးများမှ ပိုးဖောက်ထားသော အမှုန်အမွှားအတန်းလေးများ၊ စသည့် ပျက်ဆီးမှုများ ဖြစ်ပေါ်စေသည်။ ဤဖျက်ပိုးသည် သစ်တောအပင်အမျိုးမျိုးနှင့် စိုက်ပျိုးပင်အမျိုးမျိုးတို့အား ဖျက်ဆီးပြီး အပင်ရောဂါဖြစ်စေသော မှိုများ သယ်ဆောင် ကူးစက်စေနိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (**၁၄–၁၆**)** ရက် |
| လောက်ကောင် အဆင့် | **– (**၂၀–၂၃**)** ရက် |
| ရုပ်ဖုံး  အဆင့် | **– (**၅–၆**)** ရက် |
| အကောင်ကြီး အဆင့် | **– (**၃၀–၃၄**)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးစတင်တွေ့ရှိပါက ပိုးကျအပင်အစိတ်အပိုင်းများကို ချက်ချင်း ဖျက်ဆီးပါ။

(၂) ပိုးကျနေသော အပင်အချို့ကို ထောင်ချောက်အပင်အဖြစ် ထားရှိပြီး ဖျက်ပိုး၏ဘဝစက်ဝန်း (၅၅ ရက်ခန့်) မတိုင်မီ ခုတ်ထွင်ရှင်းလင်းမီးရှို့ ဖျက်ဆီးပါ။

(၃) ပင်စည်အတွင်းသို့ဆေးထိုးထည့်ပါ (သို့)ပိုးသတ်ဆေးစွပ်ထားသော ဂွမ်းကိုပင်စည် ထဲသို့ထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)

ဒိုင်မီသိုရိတ် (Dimethoate)

(၄)အလူမီနီယမ်ဖော့စဖိုက် **(**Aluminium Phosphide) ဆေးပြားများအား ပင်စည်အခေါက်ထဲ ထည့်ပြီး အပေါ်မှနွားချေးအုံပေးပါ။

(၅)လတ်ဆတ်သောနွားချေးနှင့်မြေနီရော၍ပင်စည်အားသုတ်လိမ်းပြီးပတ်တီးစည်းပေးပါ။

(၆)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ (Fipronil 3GR), ကာဘိုဆာလဖန် ၅ဂျီ(Carbosulfan 5G) ထည့်ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင်ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။